# ယခုနှစ် ကူမင်းပန်းမာထုတ်လုပ်မှုတန်ဖိုးမှာ ယွမ်ငွေပေါင်း (၅) ဘီလီယံရောက်ရှိမည်

ယခုရက်ပိုင်းတွင် ကူမင်းမြို့ စိုက်ပျိုးရေးညွှန်ကြားရေးရုံးမှ သတင်းအရ ယခုနှစ်ကူမင်းသည် နှိုင်းယှဉ်အားသာချက်ကို ဆက်လက်အသုံးပြုပြီး ပန်းမာလုပ်ငန်းကို ပိုမိုကြီးမားခိုင်မာစွာ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရှိခဲ့သည်။ ကူမင်းအား ပြည်နယ်တစ်ခုလုံးကို ဦးဆောင်၊ အရှေ့တောင်အာရှ တောင်အာရှ ပန်းမာအရောင်းအဝယ်ပြုရာ စင်တာကို မျက်နှာပြုသော“ကမ္ဘာ့နွေဦးပန်းမြို့တော်” အဖြစ် တည်ထောင်ရမည်။ ပန်းမာထုတ်လုပ်မှုတန်ဖိုး ယွမ်ငွေပေါင်း (၅)ဘီလီယံဖြစ်မြောက်စေမည်ဖြစ်သည်။

ကူမင်းမြို့ စိုက်ပျိုးရေးညွှန်ကြားရေးရုံး တာဝန်ရှိသူ မိတ်ဆက်ခြင်းအရ ယခင်နှစ် ကူမင်းနာမည်ကျော် ပန်းမာလုပ်ငန်းမှာအရှိန်မြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ပန်းမာ ထုတ်လုပ်သည်မှာ ချိန်ကုန့်၊ ကွမ်းတု နှစ်နေရာမှ ကျင့်နင်၊ စုံကောင်းစသည့်ခရိုင်နယ်(၁၄)ခုထိ တိုးချဲ့ကြောင်းသိရသည်။ ပန်းမာဥယျာဉ်ခြံစိုက်ပျိုးပြုစုရေး စိုက်ဧရိယာသည် မူ(၂. ၅၈)သိန်းရှိပြီး ၎င်းအနက် လတ်ဆတ်ဖြတ်ပန်းပွင့်စိုက်ပျိုးရေးဧရိယာမှာ မူ(၁)သိန်းရှိသည်။ ဖြတ်ပန်း၊ ဖြတ်ရွက်၊ ဖြတ်ကိုင်းထုတ်ကုန်ပမာဏမှာ ဘီလီယံ(၆. ၆၈)ကိုင်းရှိပြီး ပန်းမာဥယျာဉ်ခြံမှ ထွက်ကုန်ပမာဏသည် အမေရိကန်ဒေါ်လာပေါင်း(၈. ၈)သန်းရှိသည်။ ယခုနှစ် ကူမင်းသည် တစ်မြို့လုံး ဥယျာဉ်ခြံပန်းမာစိုက်ပျိုးရေးဧရိယာ မူ(၂. ၅)သိန်းအထက် တည်ငြိမ်ရန်၊ ထုတ်လုပ်မှုတန်ဖိုး ယွမ်ငွေပေါင်း (၅)ဘီလီယံဖြစ်နိုင်ရန် အာမခံမည်ဖြစ်သည်။ တစ်မူပျှမ်းမျှအကျိုး အမြတ် (၅၀၀၀)မှ (၁)သောင်းအထိရှိသော ပြုစုပျိုးထောင်ရေး စခန်းကို ဆောက်လုပ်ပြီးစီးမည်ဖြစ်သည်။ လတ်ဆတ်ဖြတ်ပန်းထုတ်လုပ်မှု ပမာဏဘီလီယံ (၅. ၅)ကိုင်းရှိပြီး ပြင်ပအရောင်း (၉၀%) အထက်ရောက်ရှိကာ ထွက်ကုန်ပမာဏ (၄၀%)အထက် ရရှိမည်ဖြစ်သည်။



သတင်းထောက် - ရန်ရွှေဟွန်

## ကူမင်းလေဆိပ်သည် တောင်အာရှနှင့် ချိတ်ဆက်သော ကောင်းကင်ပေါ်ကုန်စည်သယ်ပို့လမ်းကြောင်း တည်ဆောက်

### ကူမင်းမှတာခါ၊ ဒေလီ၊ မုန့်မိုက်သို့နိုင်ငံတကာကုန်သယ်ပို့ရေး လေကြောင်းလိုင်းသုံးကြောင်းဖွင့်လှစ်




ဇန်နဝါရီလ(၁၈)ရက်နေ့VNI-TOP လေကြောင်းလိုင်းကုမ္ပဏီ၏ A300-600 ကုန်သယ်ပို့ရေးလေယာဉ် ကူမင်းလေဆိပ်မှ တာခါသို့ စတင်ပြေးဆွဲခြင်းဖြင့် ယူနန်ပြည်နယ်မှ တောင်အာရှကို မျက်နှာပြုသော ကောင်းကင်ပေါ်ကုန်သယ်ပို့ရေလမ်းကြောင်းကြီး တည်ဆောက်ရာတွင် ကြီးမားသော ထိုးဖောက်မှုရရှိသည်ကို ဖော်ပြခဲ့သည်။

VNI-TOPလေကြောင်းကုမ္ပဏီသည် ယခုနှစ်ကူမင်းလေဆိပ်တွင် ပထမဦးဆုံး အခြေစိုက်သည့် ကုန်သယ်ပို့ရေးလေကြောင်းကုမ္ပဏီ ဖြစ်ကြောင်းသိရသည်။ ယင်းကုမ္ပဏီမှ ပြေးဆွဲပျံသန်းသော ကူမင်းမှဒေလီ၊ မုန့်မိုက်ကုန်သယ်ပို့ရေး လေကြောင်းလိုင်းသည် ကူမင်းလေဆိပ်မှ အသစ်ဖွင့်လှစ်လိုက်သော နိုင်ငံတကာ ကုန်သယ်ပို့ရေးလေကြောင်းလိုင်းအသစ်ဖြစ်သည်။ အပတ်တိုင်း (၃)ကြိမ်ပြေးဆွဲပြီး တင်ပို့မည့် ကုန်စည်များမှာ အီလက်ထရောနစ် ကုန်ပစ္စည်းများဖြင့် အဓိကထားကာ သွင်းဝင်မည့်ကုန်စည်များမှာ အိန္ဒိယမှ ထုတ်လုပ်သော အပိုကုန်ကြမ်းပစ္စည်းနှင့် တစ်ပိုင်းချောကုန်များဖြင့် အဓိကထားသည်။ ကူမင်းမှ တာခါကုန်သယ်ပို့ရေးလေကြောင်းလိုင်း အပတ်တိုင်း (၆)ကြိမ်ပြေးဆွဲပြီး တင်ပို့မည့်ကုန်စည်များမှာ ပိုးထည်ကုန်ကြမ်း၊ အဝတ်အထည်အပိုကုန်၊ အထည်အလိပ်ကုန်ပစ္စည်းများဖြင့် အဓိကထားပြီးသွင်းဝင်မည့် ကုန်စည်များမှာ ဘင်္ဂလားဒေ့ရှ်မှ ထုတ်လုပ်သော လတ်ဆတ် ကုန်ပစ္စည်းများဖြင့် အဓိကထားပါသည်။ အထက်ဖော်ပြပါ လေကြောင်းလိုင်းသုံးလိုင်းသည် A300-600 ကုန်တင်လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ယင်းလေယာဉ်ပုံစံ၏ အကြီးဆုံးသယ်ဆောင်မှုပမာဏသည် (၄၈)တန်ခန့် ရှိပြီးအပြည့်သယ်ဆောင်လျှင် ပျံသန်းခြင်းခရီးအချိန်မှာ (၆)နာရီရှိသည်။ ကူမင်းလေဆိပ်မှ ထွက်ခွာလျှင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသည့် တောင်အာရှနိုင်ငံများ၏ အလေးပါစီးပွားရေး မြို့တော်များကို ဖြတ်သန်းသွားနိုင်သောကြောင့် ကူမင်းလေဆိပ်ဖြင့် တောင်အာရှ အရှေ့တောင်အာရှကို ချိတ်ဆက်သော အချက်အချာလေဆိပ်၏ တည်နေရာနှင့် ကိုက်ညီနေသည်။ ကူမင်းလေဆိပ် ကုန်သယ်ပို့ရေး လေကြောင်း ဈေးကွက်တွင် အလယ်စားကုန်သယ်ယာဉ် ပြေးဆွဲလုပ်ဆောင်ခြင်း မရှိသော ကွက်လပ်ကို ဖြည့်စွက်ပေးနိုင်ခဲ့သည်။

သတင်းထောက် - ဖုံရှီး

## လန်ချန်မြစ်–မဲခေါင်မြစ် မြစ်ဝှမ်းဒေသ သိပ္ပံနည်းပညာဇုန်စီမံကိန်း တရားဝင်စတင်

ယခုရက်ပိုင်းတွင် ယူနန်ပြည်နယ် အရှေ့တောင်အာရှ တောင်အာရှ လုပ်ငန်းဖွံ့ဖြိုးတိုးတက်တွန်းဆော်ရေးအဖွဲ့နှင့် ကူမင်းယူကျင်း အရင်းအနှီးအုပ်ချုပ်ရေး ကုမ္ပဏီလီမိတက်သည် ကူမင်းတွင် လန်ချန်မြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသ သိပ္ပံနည်းပညာဇုန် (အောက်တွင် လန်မဲသိပ္ပံနည်းပညာဇုန်ဟု အတိုချုံးခေါ်ဝေါ်သည်။) စီမံကိန်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ငံတော်တစ်ဇုန်တစ်လမ်းမဟာနည်းဗျူဟာ၊ ယူနန်တွင် တောင်အာရှ အရှေ့တောင်အာရှနှင့် ချိတ်ဆက်သည့် စင်တာကိုဆောက်လုပ်သော နောက်ခံကြီးအရလန်မဲသိပ္ပံနည်းပညာဇုန်ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လန်ချန်မြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသတစ်လျှောက် နိုင်ငံများ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အချင်းချင်း ချိတ်ဆက်ရေးကို တွန်းအားပေးလိုရန်နှင့် အရှေ့တောင်အာရှ တောင်အာရှ နိုင်ငံလုပ်ငန်းအရင်းအမြစ်များ ချိတ်ဆက်ရေးကို ပိုမိုခိုင်မာစေလိုရန်ရည်ရွယ်ထားပါသည်။

လန်မဲသိပ္ပံနည်းပညာဇုန်သည် ကူမင်းမြို့ရွှေဖူလမ်းတွင် တည်ရှိပါသည်။ ပထမကာလ ရုပ်ပဟင်းလင်းပြင်မျက်နှာပြင်ဧရိယာမှာ စတုရန်းမီတာ (၁)သိန်းရှိပြီး ၂၀၁၇ ခုနှစ် ဒုတိယသုံးလပတ်တွင် တရားဝင်ဖွင့်လှစ်ရန် စီမံထားသည်။ လန်မဲသိပ္ပံနည်းပညာဇုန်သည် ပြည်တွင်းနှင့် အရှေ့တောင်အာရှ၊ တောင်အာရှ နိုင်ငံ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ပေးသော ဆန်းသစ်ဝန်ဆောင်မှုစင်မြင့်နှင့် နိုင်ငံတကာသိပ္ပံနည်းပညာပူးပေါင်းဆောင်ရွက်ရေး စင်မြင့်တည်ထောင်ပေးမည်ဖြစ်သည်။ ထို့အတူ ယူနန်အလေးပါလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစင်မြင့် (ယူနန်ပြည်နယ်လုပ်ငန်းကြီး (၈)ခုနှင့် ကူမင်းမြို့လုပ်ငန်း (၁၈၈)ခု) နှင့် တီထွင်ဆန်းသစ်မှု၊ လုပ်ငန်းစတင်တည်ထောင်ရေး ဝန်ဆောင်မှု စင်မြင့်လည်းဖြစ်သည်။ လန်မဲသိပ္ပံနည်းပညာဇုန်သည် ယူနန်ပြည်နယ် ပထမဆုံးသော သုံးထပ်မွေးမြူဇုန်အသစ် ဆောက်လုပ်ရေးဖြင့် ငွေကြေးစီးပွား ဆန်းသစ်မှု စင်မြင့်ကို တည်ထောင်မည်ဖြစ်သည်။

လန်မဲသိပ္ပံနည်းပညာဇုန်သည် ဝန်ဆောင်မှုနှင့် အတွေးအခေါ် တီထွင်ဖန်တီးဖြင့် “နေရာ+ဝန်ဆောင်မှု+ ငွေကြေးအရင်း+မွေးထုတ်ခြင်း”ဟူသော အရည်အသွေးမြင့်သော လုပ်ငန်းဇီဝစနစ်ကို တည်ထောင်မည် ဖြစ်သည်။ လန်မဲသိပ္ပံနည်းပညာဇုန် စတင်လုပ်ဆောင်ပြီးလျှင် ယူနန်တွင် နိုင်ငံတကာ အဆန်းဆုံးသော ခြံဇုန်ဖြစ်မည်ဖြစ်ပြီး ယူနန်မှ နိုင်ငံတော်မဟာဗျူဟာ အတွင်းသို့တက်ကြွစွာ ဝင်ရောက်ပြီး ဝန်ဆောင်မှုပေးသော စံပြဇုန်ဖြစ်လာမည်ဖြစ်သည်။ လန်မဲသိပ္ပံနည်းပညာဇုန်ကို ယူနန်ပြည်နယ် အရှေ့တောင်အာရှ တောင်အာရှ လုပ်ငန်း ဖွံ့ဖြိုးတိုးတက် တွန်းဆော်ရေးအဖွဲ့နှင့် ကူမင်းယူကျင်း အရင်းအနှီးအုပ်ချုပ်ရေးကုမ္ပဏီလီမိတက်မှ ပူးတွဲတည်ထောင်လုပ်ဆောင်ခြင်းဖြစ်သည်။ ယူနန်ပြည်နယ် အရှေ့တောင်အာရှ တောင်အာရှလုပ်ငန်း ဖွံ့ဖြိုးတိုးတက် တွန်းဆော်ရေးအဖွဲ့ စတင်တည်ထောင်စဉ်ကစပြီး အရှေ့တောင်အာရှ တောင်အာရှနိုင်ငံ လုပ်ငန်း အရင်းအမြစ်များကို စုဆောင်းရန်နှင့် ချိတ်ဆက်ရန် အားသွန်ခွန်စိုက် လုပ်ဆောင်ပေးနေလျက်ရှိသည်။ လုပ်ငန်းတည်ထောင်ရေး ဇီဝဂေဟပတ်ဝန်းကျင် ဆောက်လုပ်ရန် တီထွင်ဆန်းသစ်မှုနှင့် စီမံကိန်း မွေးထုတ်ရေးများကိုလည်း လုပ်ဆောင်သည်။ ကူမင်းယူကျင်းအရင်းအနှီးအုပ်ချုပ်ရေး ကုမ္ပဏီလီမိတက်သည် ငွေကြေးစီးပွားရေးစနစ် ဆောက်လုပ်ရေး၊ စီမံကိန်းရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာလုပ်ငန်းနှင့် ဈေးကွက်ထဲသို့ သွင်းခြင်းဝန်ဆောင်မှု စသည့်နယ်ပယ်တို့တွင် ပြည့်ဝသောအတွေ့အကြုံရှိသည်။

သတင်းထောက် - ဝူချင်းချွန်